
# အထည်သည်



unicef


# အထည်သည်



အထည်သည်တစ်ယောက် တိရစ္ဆာန်တွေ နေတဲ့ရွာကို လာတယ်။ သူ့ရဲ့လှည်းဟာ လေး နေတာပဲ။ သူ့မှာရောင်းဖို့ အဝတ်အထည်တွေ အများကြီးပါလာတယ်။



ကျားနှင့် ကြွက်ဟာ ကျောင်းကို သွားနေကြတယ်။ သူတို့ကျောင်းဝတ်စုံတွေ လိုချင်ကြတယ်။



ကျား ။ ။ ဦးလေးမှာ ဘလောက်(စ)အင်္ကျီ အဖြူနဲ့ ကျောင်းစိမ်းစကတ် ရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာကြည့်လိုက်ပါ။ ဘယ်ဟာလိုချင်ပါသလဲ။

ကျား ။ ။ သမီးကိုယ်ကကြီးတယ်။ ဘလောက်(စ)အင်္ကျီအကြီးနဲ့ စကတ်အကြီး လိုချင်ပါတယ်။ ဒီမှာ ပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပဲကွယ်။




ကြွက်  ။ ။ ဦးလေးမှာ ရှပ်အင်္ကျီအဖြူနဲ့ ကျောင်းစိမ်းဘောင်းဘီ ရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့်လိုက်ပါ။ ဘယ်ဟာလိုချင်ပါသလဲ။

ကြွက်  ။ ။ သားကသေးတယ်။ ရှပ်အင်္ကျီအသေးနဲ့ ဘောင်းဘီအသေးလေး လိုချင်ပါတယ်။ ဒီမှာပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။




သစ်ကုလားအုပ်နှင့် သင်းခွေချပ်တို့ဟာ သူတို့ရဲ့သူငယ်ချင်းထံ အလည်သွားကြမယ်။ သူတို့က အလည်သွားရင်ဝတ်ဖို့ အဝတ်အစားတွေလိုချင်ကြတယ်။

သစ်ကုလားအုပ်။ ။ ဦးလေးမှာ ရှပ်အင်္ကျီနဲ့ ဂျင်းဘောင်းဘီရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့်လိုက်ပါ။ ဘယ်ဟာ လိုချင်ပါသလဲ။

သစ်ကုလားအုပ်။ ။ ကျွန်တော်က အရပ်ရှည်တယ်။ ရှပ်အင်္ကျီရှည်ရှည်နဲ့ ဂျင်းဘောင်းဘီ ရှည်ရှည် လိုချင်တယ်။ ဒီမှာပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။




သင်းခွေချပ် ။ ။ ဦးလေးမှာ တိုက်ပုံအင်္ကျီနဲ့လုံချည် ရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့်လိုက်ပါ။ ဘယ်ဟာလိုချင်ပါသလဲ။

သင်းခွေချပ် ။ ။ ကျွန်တော်က အရပ်ပုတယ်။ အင်္ကျီတိုတိုနဲ့လုံချည်တိုတို လိုချင်တယ်။ ဒီမှာပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။




ဆင်နှင့်မျောက်တို့ ကစားဖို့သွားကြတော့မယ်။
သူတို့ကစားရင်ဝတ်ဖို့ အဝတ်အစားတွေ လိုချင်ကြတယ်။

ဆင် ။ ။ ဦးလေးမှာ တီရှပ်၊ ဘောင်းဘီတိုနဲ့ ဦးထုပ်ရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာကြည့်လိုက်ပါ။ ဘယ်ဟာလိုချင်ပါသလဲ။

ဆင် ။ ။ ကျွန်တော်က ဝတယ်။ တီရှပ်ကျယ်ကျယ်၊ ဘောင်းဘီတိုပွပွနဲ့ ဦးထုပ်အကြီးလိုချင်ပါတယ်။ ဒီမှာပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။



မျောက် ။ ။ ကျွန်တော်က တီရှပ်၊ ဘောင်းဘီတို နဲ့ ဦးထုပ် တစ်လုံးလိုချင်တယ်။

အထည်သည် ။ ။ ဘယ်ဟာ လိုချင်တာလဲ။

မျောက် ။ ။ ကျွန်တော်က ပိန်တယ်။ တီရှပ် သေးသေး၊ ဘောင်းဘီတိုသေးသေး နဲ့ ဦးထုပ်အသေး တစ်လုံးလိုချင် တယ်။ ဒီမှာ ပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။




ခြသေ့်ဟာ အပြေးပြိုင်ပွဲဝင်ရတော့မယ်။
သူက အားကစားဝတ်စုံလိုချင်တယ်။

ခြသေ့် ။ ။ ဦးလေးမှာ စွပ်ကျယ်အင်္ကျီ၊ ဘောင်းဘီတိုနဲ့ အပြေးပြိုင်ဖိနပ်ရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့်လိုက်ပါ။ ဘယ်ဟာ လိုချင်ပါသလဲ။

ခြသေ့် ။ ။ ကျွန်တော်က အဝါနဲ့အပြာ ကြိုက်တယ်။ စွပ်ကျယ်အင်္ကျီ အဝါ၊ ဘောင်းဘီတိုအပြာနဲ့ အပြာရောင် အပြေးပြိုင်ဖိနပ် လိုချင်ပါတယ်။ ဒီမှာပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။




မြင်းကျားနဲ့ ကြွက်တို့ဟာ သူငယ်ချင်းမင်္ဂလာဆောင်ကို သွားကြရမယ်။
သူတို့က ပွဲသွားပွဲလာအဝတ်အစားကောင်းတွေလိုချင်ကြတယ်။

မြင်းကျား ။ ။ ဦးလေးမှာ ပွဲသွားပွဲလာအင်္ကျီ၊ လုံချည်နဲ့ ပဝါရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့်လိုက်ပါ။ ဘယ်ဟာ လိုချင်ပါသလဲ။

မြင်းကျား ။ ။ ကျွန်မက အစင်းကြားတွေ ကြိုက်တယ်။ အင်္ကျီအစင်း၊ လုံချည်အစင်းနဲ့ ပဝါအစိမ်း လိုချင်ပါတယ်။ ဒီမှာပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။



ကြွ ။ ။ ဦးလေးမှာ အင်္ကျီအဝတ်အစား ရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့်လိုက်ပါ။ ဘယ်ဟာ လိုချင်ပါသလဲ။

ကြွ ။ ။ ကျွန်မက ပန်းရောင်ကြိုက်တယ်။ အစက်အစက်တွေလည်း ကြိုက်တယ်။ အစက်တွေပါတဲ့ အဝတ်အစားနဲ့ပန်းရောင်လည်စည်း ကိုလိုချင်ပါတယ်။ ဒီမှာပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။




ဝက်ဝံနှင့်မြွေဟာအလွန်အေးတဲ့ တောင်ပေါ်ကို သွားကြမယ်။ သူတို့က အနွေးထည်တွေလိုချင်ကြတယ်။

ဝက်ဝံ ။ ။ ဦးလေးမှာ ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်၊ လည်စည်း၊ ဦးထုပ်၊ လက်အိတ်၊ ခြေအိတ်နဲ့ ဘွတ်ဖိနပ်ရှိပါသလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့်လိုက်ပါ။ ဘယ်ဟာ လိုချင်ပါသလဲ။

ဝက်ဝံ ။ ။ ကျွန်တော်က လိမ္မော်၊ အညိုနဲ့ အနက်ရောင်ကို ကြိုက်တယ်။ အညိုရောင် ကုတ်အင်္ကျီ၊ အညို ရောင်ဘောင်းဘီရှည်၊ လိမ္မော် ရောင်လည်စည်း၊ ဦးထုပ်၊ လက်အိတ်၊ ခြေအိတ်နဲ့ အနက် ရောင် ဘွတ်ဖိနပ် လိုချင်ပါ တယ်။ ဒီမှာပိုက်ဆံပါ။


အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။



မြွေ ။ ။ ဦးလေးမှာ အနွေးထည်တွေ ရှိပါ သလား။

အထည်သည် ။ ။ အများကြီးရှိပါတယ်။ ဒီမှာ ကြည့် လိုက်ပါ။ ဘယ်ဟာ လိုချင်ပါ သလဲ။


မြွေ ။ ။ ကျွန်တော်က အရပ်ရှည်ပြီး ပိန်တယ်။ အဲဒီအဝတ်တွေက ရှည်လည်း မရှည်ဘူး။ သေးလည်း မသေးဘူး။ ရှည်ပြီး သေးတဲ့ အဝတ်တွေ မရှိဘူးလား။



အထည်သည် ။ ။ ဒီဟာ ဘယ်လိုနေလဲ။

မြွေ ။ ။ သိပ်ကောင်းတယ်။ ဒါကိုယူမယ်။
ဒီမှာ ပိုက်ဆံပါ။

အထည်သည် ။ ။ ကျေးဇူးပါပဲကွယ်။



အထည်သည်ဟာ တိရစ္ဆာန်တွေနေတဲ့ ရွာကပြန်လာတယ်။ သူဟာ အဝတ်အထည် တွေအများကြီး ရောင်းရတယ်။ ခုဆိုရင် သူ့လှည်းဟာ မလေးတော့ဘူး။ သူသိပ်ပျော် နေတယ်။





ကာတွန်းသရုပ်ဖော်    သစ်ထွက်း
ဂရပ်ဖစ်ဒီဇိုင်း    ဇေဖြိုး

ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။